## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

**ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ ကဆုန် လပြည့်ကျော် ၁၁ ရက်။**

**(၁၉၆၈ ခုနှစ်၊ မေလ ၂၂ ရက်။)**

**အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။**

# ၁၉၆၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ဤသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေကို ပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁-က) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၁-ခ) အဖြစ်ထည့်သွင်းရမည်။

> ''(၁-ခ) အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့က အခါအားလျော်စွာ ချမှတ်သည့် သက်ဆိုင်ရာဆုံးဖြတ်ချက်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဝေပုံကျအစု (quota) တိုးမြှင့်ခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သဘောတူသည့်အခါ၊ ထိုဝေပုံကျအစု (quota) ကို တိုးမြှင့်ခြင်းကြောင့် နောက်ထပ်ထည့်ဝင်ရန်ရှိသည့်ရွှေနှင့်မြန်မာနိုင်ငံသုံးငွေများကိုပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အပြည်ပြည်ဆိုင်ရာ ရံပုံငွေအဖွဲ့သို့ ထုတ်ပေးရမည်။''

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (၁-က) နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၁-ခ) အဖြစ်ထည့်သွင်းရမည်။

> ''(၁-ခ) အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့က အခါအားလျော်စွာ ချမှတ်သည့် သက်ဆိုင်ရာဆုံးဖြတ်ချက်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ထည့်ဝင်ရန် ကြေးငွေတိုးမြှင့်ခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သဘောတူသည့်အခါ ထိုထည့်ဝင်ရန် ကြေးငွေကို တိုးမြှင့်ခြင်းကြောင့် နောက်ထပ် ထည့်ဝင်ရန်ရှိသည့် ရွှေ၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ

ဘဏ်အဖွဲ့က သတ်မှတ်သည့်နိုင်ငံခြား သုံးငွေများနှင့် မြန်မာနိုင်ငံသုံးငွေများကို ပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ အပြည်ပြည်ဆိုင်ရာဘဏ်အဖွဲ့သို့ ထုတ်ပေးရမည်။''

(ပုံ) တင်ဖေ၊
ဥက္ကဋ္ဌ (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

ရန်ကုန်မြို့၊ ၁၃၃၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်။
(၁၉၆၈ ခုနှစ်၊ မေလ ၂၂ ရက်။)

အသိနှင့်အရ၊

ဒု-ဗိုလ်မှူးကြီး ကြီးမြင့်၊
အတွင်းဝန် (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့၊